# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 15 , 2025 Volume 97 , Number 11


၁၅-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၃.၃၀ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၆၂၇.၅၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၆.၆၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၆.၀၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၃.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၇၂ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပပို့ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်နေသည့် မြန်မာ့ပို့ကုန် ပုစွန်အမျိုးမျိုး



မြန်မာ့ရေသယံဇာတထွက်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိရန် ရေချိုမွေးမြူမှုနှင့်ရေငန်ဖမ်းဆီးမှုတို့ဖြင့် ထုတ်လုပ်ဖြန့်ချိတင်ပို့လျက်ရှိရာ ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ရေငန်တိုက်ဂါးပုစွန်များ တစ်ပိဿာငွေကျပ်နှစ်သိန်းခန့်ဖြင့် ပြည်ပပို့ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းရာသီပိတ်သိမ်းမည့် မေလ ၁ ရက်နေ့မတိုင်မီ ငါးဖမ်းစက်လှေများဖြင့် ရန်ကုန်မြို့ရှိ စံပြငါးဈေး၊ရွှေပိတောက်ငါးဈေးနှင့် အခြားသော ဆိပ်ကမ်းများ သို့ ရေငန်ပုစွန်နှင့် ပင်လယ်ငါးမျိုးစုံဝင်ရောက်ခဲ့သည်။

“မြန်မာနိုင်ငံကထွက်ရှိတဲ့ တိုက်ဂါးပုစွန်နဲ့ ပနားမီးပုစွန်ဖြူကို ပြည်ပဈေးကွက် တင်ပို့နိုင်တဲ့အတွက်နိုင်ငံခြားဝင်ငွေရရှိနေပါတယ်။ ရေခံမြေခံကောင်းတဲ့မြန်မာနိုင်ငံမှာ ရေရှည်ထုတ်ယူသုံးစွဲမယ်ဆိုရင် အကောင်းဆုံးမွေးမြူရေးကျင့်စဉ်တွေကို သိရှိနားလည်ဖို့ လိုပါတယ်။ တစ်ချိန်က တိုက်ဂါးပုစွန်ကို မျိုးထိန်းပြီးမျိုးကိုရောင်းချနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့သလို လက်ရှိအချိန်မှာလည်း အဲဒီလို ပြန်လည်ဖော်ဆောင်ဖို့လိုပါတယ်။

သို့မှသာ ပင်လယ်ပြင်ရေသယံဇာတ အဝါရောင်အဆင့်မရောက်အောင် ထိန်းသိမ်းကာကွယ်နိုင်မှာပါ။ မြန်မာနိုင်ငံဟာ ရေခံမြေခံကောင်းတဲ့အတွက် သဘာဝနဲ့ လိုက်လျောညီထွေပြီး မျိုးစိတ်ကိုထိန်းနိုင်တဲ့မွေးမြူထုတ်လုပ်မှုကိုဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ရေထွက်ကုန်ပို့ကုန်ကဏ္ဍဟာ နှစ်ဆတင်ပို့နိုင်မှာပါ” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဉက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့်မြိတ်ကျွန်းစုတွင်မွေးမြူထုတ်လုပ်လျက်ရှိသည့် ပနားမီးပုစွန်ဖြူတို့ကို ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့် အနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပလေးနိုင်ငံသို့ တင်ပို့လျက်ရှိကာ မြိတ်ကျွန်းစု တွင်မွေးမြူသည့် ပနားမီးပုစွန်ဖြူအား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည်။

ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော တိုက်ဂါးပုစွန်များကို ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံများတွင်အေးခဲပြီး တရုတ်၊ စင်ကာပူ၊ ထိုင်း၊တောင်ကိုရီးယားသို့ အဓိကတင်ပို့လျက်ရှိသည်။ငါးဖမ်းရာသီ မေလနှင့် ဇွန်လ နှစ်လတာပိတ်ထားချိန်၌ အအေးခန်း စက်ရုံများတွင် သိုလှောင်ထားရှိသည့် တိုက်ဂါးပုစွန်များ ပြည်ပမှမှာကြားမှုအပေါ် မူတည်၍တင်ပို့လေ့ရှိပြီး ငါးဖမ်းရာသီပိတ်သိမ်းချိန်၌ ပုစွန်ပို့ကုန်မှဈေးကောင်းရလေ့ ရှိကြောင်း သိရသည်။

ရေထွက်ကုန်များ ပြည်ပသို့တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ်တွင် ပုစွန် ၉၁၄၆ ဒသမ ၆၁၅ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

မြန်မာ့ပင်လယ် ပြင်မှ ဖမ်းဆီးရရှိသည့် ပိုက်ပုစွန်၊ ပင့်ပုစွန်နှင့် ရွှေလီပုစွန်တို့ကိုလည်း ပြည်ပသို့တင်ပို့လေ့ရှိပြီး အရသာကောင်းမွန်သော အနီရောင်တိုက်ဂါးပုစွန်များကို ပြည်ပနိုင်ငံများနှစ်ခြိုက်ကြ၍ ဈေးကောင်းရသော ရေထွက်ကုန်တစ်ခုအဖြစ် ရေငန် ပုစွန် ဈေးကွက်၌ နေရာရလျက်ရှိကြောင်း သိရသည်။

**Source : DOCA ( ရေ၁ဝတီ )**

## ပေါ်ဆန်းမွှေးဆန် ဈေးတည်ငြိမ်လျက်ရှိပြီး ဧည့်မထဆန်(ဟောင်း)၊ ဧည့်မထဆန်(သစ်)နှင့် ဖွဲနု ဈေးများမြင့်တက်ကာ ဆန်ကွဲB(1,2) ၊ ဆန်ကွဲB(2,3,4) ဈေးများကျဆင်း

ပဲခူးတိုင်းဒေသကြီးအနေဖြင့်ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါးလက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၅.၁၂.၂၀၂၅)ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ကျပ် ၊ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၂၀,၀၀၀ကျပ် ၊ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၁,၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၂၄,၆၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

(၁၂.၁၂.၂၀၂၅) ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ) (ဟောင်း)တစ်အိတ် ၇၀,၀၀၀ကျပ်၊ ဧည့်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၄,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၆,၄၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၅၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၆၀၀ကျပ် ဈေးများမြင့်တက်ကာ ဆန်ကွဲB(1,2)တစ်အိတ် ၁၀၀၀ကျပ်နှင့် ဆန်ကွဲ B(2,3,4)တစ်အိတ်၂၀၀၀ကျပ်ဈေးကျ၍ပေါ်ဆန်းမွှေးဆန်ဈေးတည်ငြိမ်လျက်ရှိသည်။

ဧည့်မထဆန်(မနောသုခ)(ဟောင်း)၊ ဧည့်မထဆန် (မနောသုခ)(သစ်)နှင့် ဖွဲနုဈေးများ မြင့်တက်သွားခြင်းမှာ ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက် သွားခြင်းဖြစ်ပြီး ဆန်ကွဲB(1,2)နှင့် ဆန်ကွဲB(2,3,4) ဈေးများကျဆင်းသွားခြင်းမှာ စပါး၊ဆန်လက်ကျန် များနေပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ကြံစိုက်တောင်သူများ စက်ရုံဝယ်ဈေးကျသဖြင့် တွက်ခြေမကိုက်ဘဲ အရှုံးပေါ်



ယခုနှစ် ကြံရာသီမှာ သကြားစက်ရုံများမှ ကြံဝယ်ဈေးတွေ ကျဆင်းသည့်အတွက် ကြံစိုက်တောင်သူများ တွက်ခြေမကိုက်ဘဲ အခက်အခဲရှိပြီး အများစုမှာ အရှုံးပေါ်ကြကြောင်း ကြံစိုက်တောင်သူများထံက သိရသည်။

"မဖြစ်မနေ စိုက်တက်ဈေးလေးမျှော်ပြီး စိုက်ရတာ၊ အရင်နှစ်က ကြံကြိတ်ရာသီမှာ စက်ရုံအရောက် ကြံတစ်တန် ဝယ်ဈေးက ကျပ် ၁၈၀,၀၀၀ ကနေကျပ် ၂၀၀,၀၀၀အထိ ဈေးရရှိခဲ့ရာကနေ အခုနှစ် ကြံရာသီမှာ သကြားစက်တွေက စက်ရုံအရောက် ကြံတစ်တန် ဝယ်ဈေးကို ကျပ် ၁၅၀,၀၀၀ ကနေ ၁၇၀,၀၀၀ ကြားနဲ့ ဝယ်တော့ စိုက်စရိတ်သွင်းအားစု ဈေးတက်တဲ့အချိန် ဘယ်မှာတွက်ခြေကိုက်ပြီး အမြတ်ကျန်မှာလည်းတောင်သူတွေကစိုက်ရှုံးပါပဲ"ဟုကြံစိုက်တောင်သူတစ်ဦးကပြောသည်။

နေပြည်တော်တွင်ယခင်ကာလများစွာက ကြံအဓိကထား အများအပြားစိုက်ပျိုးခဲ့သော နယ်မြေတစ်ခုဖြစ်ခဲ့ပြီး သကြားစက်များလည်း တည်ရှိခဲ့သောမြို့ဖြစ်ခဲ့ပြီး ကြံစိုက်တောင်သူများ စီးပွာရေးအဆင်ပြေခဲ့ကြသည်။

ယခုနောက်ပိုင်းကာလ အစိုးရသကြားစက်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များ လွှဲအပ်ခဲ့ပြီးနောက်ပိုင်း ကြံစိုက် တောင်သူများအတွက်ကြံဈေးကမောက်ကမဖြစ်ပြီး၊ကြံစိုက်တောင်သူများနည်းပါးသွားခဲ့သည်။

ကြံမစိုက်ခင် ကြံဈေးဘယ်သို့ညာသို့ ဟုပြောဆိုခဲ့သော်လည်း ကြံဝယ်ရာသီတွင် မျှော်လင့်သောဈေးမရခြင်းမှာ ကြံဝယ်ရာသီတိုင်း ကြံစိုက်တောင်သူများ အမြဲကြုံရကြောင်း တောင်သူများထံက သိရသည်။

**Source :** https://npnewsmm.com/

## အညာဒေသထွက် ထန်းဆံခြည်ထွေး ရန်ကုန်ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်



အညာဒေသထွက် အစားအစာတစ်မျိုးဖြစ်သည့် ထန်းဆံခြည်ထွေးများ ရန်ကုန်ဈေးကွက်အတွင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း အညာဒေသထွက် အစားအစာရောင်းချသူအချို့ထံက သိရသည်။

ထန်းဆံခြည်ထွေး (ခ)ထန်းညောင့်လေးမှာထန်းမြစ်ပေါ်ချိန်၌ သာရရှိခြင်းကြောင့် စားရခဲသည့်အညာဒေသထွက် ရာသီစာ စားစရာတစ်မျိုးဖြစ်ကာ အွန်လိုင်း ဈေးကွက်အတွင်း မှာယူသူများပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ထန်းဆံခြည်ထွေးက ထန်းမြစ်မဖြစ်ခင် မဖြစ်တော့တာကိုမှ ခွဲစားရတဲ့ အစား အစာတစ်မျိုးပါ။ သူ့အရသာက ချိုပြီးတော့ ထန်းရည်နံ့လေးရတယ်။ တစ်နှစ်မှာ သုံးလလောက်ပဲရတယ်။ စားဖူးသူတွေကတော့ ကြိုက်ကြတယ်။ အညာဒေသက နေ ရေခဲပုံးနဲ့ သေချာသိမ်းဆည်းပြီး ပို့တာမို့ စားသုံးတဲ့သူတွေအတွက်အဆင်ပြေတယ်။ ကြာကြာအထားမခံတဲ့ အစားအစာဆိုတော့ ကြိုတင်အော်ဒါလက်ခံပြီးမှ ပို့ပေးရတယ်”ဟု အညာဒေသထွက်အစားအစာများကို အွန်လိုင်းကနေ ရောင်းချသူတစ်ဦး က ပြောသည်။

လက်ရှိ ရန်ကုန်ဈေးကွက်အတွင်း ရောင်းချနေသည့် ဈေးနှုန်းများမှာ ထန်းဆံခြည်ထွေး တစ်ပြည်ကို ကျပ် ၇၀၀၀ ကနေ ၁၀,၀၀၀ ကျပ် ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source :** https://opinionleadersmedia.com/

## လပွတ္တာမြို့နယ်၌ ဒေသထွက် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံက သိရသည်။

လပွတ္တာမြို့နယ်၌ ယခုနှစ်ဒီဇင်ဘာလ ပထမပတ်မှ လက်ရှိအချိန်ထိ နေလှန်းဆားများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိသည်။

"ဒေသထွက်နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ငါးပိ၊ ငါးခြောက်ပြုလုပ်ချိန်ဆိုတော့ ဆားအရောင်းအဝယ် ကောင်းလာတာပါ။

လတ်တလောမှာ တစ်ရက်ကို နေလှန်းဆားပိဿာ ၂၅ဝဝ ကနေ ၅ဝဝဝ ကျော် အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။

အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့ လုပ်ငန်းနဲ့ဆက်စပ်တဲ့သူ တွေ အလုပ် အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်" ဟု ၎င်းကပြောသည်။

လပွတ္တာမြို့နယ်၌ ဆားလုပ်ငန်းလုပ်ကိုင်သူများက ဒေသထွက် နေလှန်းဆားများကို စနစ်တကျသန့်စင် ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိက အသုံးပြုကြကြောင်း သိရသည်။

Source : https://myawady.net.mm/

## ငပုတောမြို့နယ်မှ ထွက်ရှိသော ခရမ်းသီးများ ဒေသတွင်းဈေးကွက်၌ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ထွက်ရှိသော ခရမ်းသီးများ ဒေသတွင်းဈေးကွက်၌ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံက သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ် ဩဂုတ်လနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းကာ အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် ခရမ်းသီး အလုံး ၄ဝ,ဝဝဝ မှ ၅၅,ဝဝဝ အထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

“ငပုတောမြို့နယ်ကထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေတာဖြစ်ပါတယ်။ ငပုတောမြို့နယ်ကနေ တခြားဒေသတွေဆီတစ်ရက်ကို ခရမ်းသီးအလုံး ၄ဝ,ဝဝဝ ကနေ ၅၅,ဝဝဝ အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ် ခရမ်းသီးတွေက အရည်အသွေးကောင်းမွန်သလို အထွက်နှုန်းလည်းကောင်းမွန်ပါတယ်။လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါ အရောင်းအဝယ်ကောင်းမွန်နေတာဖြစ်ပါတယ်။ ဒေသထွက်ခရမ်းသီးတွေ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးသူတွေ စီးပွားရေးအဆင်ပြေ လာပါတယ်” ဟု ခရမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

အဆိုပါဒေသထွက်ခရမ်းသီးအပါအဝင် တခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့သို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

**Source : DOCA- ရေဝတီ**

## တရုတ်နိုင်ငံ၏ နိုင်ငံခြားငွေကြေးအရန်ငွေ နိုဝင်ဘာလတွင် မြင့်တက်လာ

တရုတ်နိုင်ငံ၏ နိုင်ငံခြားငွေအရန်ငွေသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄၆၄ ထရီလီယံ ရှိခဲ့ပြီး အောက်တိုဘာလကုန်နှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃ ဘီလီယံ၊ သုည ဒသမ ၀၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတော်နိုင်ငံခြားငွေလဲလှယ်ရေးဌာနက အဆိုပါတိုးတက်မှုသည်ငွေကြေးလဲလှယ်မှုနှင့်ပိုင်ဆိုင်မှုဈေးနှုန်းများ ပြောင်းလဲခြင်းတို့၏ ပေါင်းစပ်သက်ရောက်မှုကြောင့်ဖြစ်ကြောင်း၊ စီးပွားရေးအတွက် အဓိကကျသည့် မက်ခရိုစီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ငွေကြေးမူဝါဒမျှော်မှန်းချက်ကဲ့သို့သောအချက်များ၏ လွှမ်းမိုးမှုကြောင့် အမေရိကန်ဒေါ်လာ ညွှန်းကိန်း သည် နိုဝင်ဘာလတွင်းကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့တစ်ဝှန်းငွေကြေးပိုင်ဆိုင်မှုဆိုင်ရာ ဈေးနှုန်းများသည် ရောထွေးသည့်အတက်အကျပြောင်းလဲမှုများရှိခဲ့ကြောင်း၊ တည်ငြိမ်သောစီးပွားရေးပုံစံဖြင့် ထောက်ပံ့မှုပေးထားသည့် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ နိုင်ငံခြားငွေ အရန်ငွေအလုံးစုံတည်ငြိမ်မှုကို ထိန်းသိမ်းရန်ကောင်းမွန်သည့်အနေအထားတွင်ရှိနေကြောင်း အစိုးရအဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

**Source: https://en.people.cn/n3/2025/1208/c90000-20399344.html**

**(ဒေါ်သင်းသင်းအောင်၊ စီးပွားရေးသံမှူး၊ ပေကျင်းမြို့)**

## တရုတ်-ဗီယက်နမ် လေကြောင်းလိုင်းသစ်က အာဆီယံနိုင်ငံများနှင့်ဆက်ဆံရေးကို မြှင့်တင်ပေးလျက်ရှိ

Colorful Guizhou လေကြောင်းလိုင်းသည် တရုတ်နိုင်ငံ အနောက် တောင်ပိုင်း ကွေ့ကျိုးပြည်နယ်၏မြို့တော် ကွေ့ရန်းနှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တို့ကို တိုက်ရိုက်ပြေးဆွဲသည့်လမ်းကြောင်း လိုင်းတစ်ခုကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ဒေသတွင်းခရီးသွားလာမှုနှင့် ကုန်သွယ်မှုအလျင် အမြန်ကြီးမားလာသည့် အာဆီယံဈေးကွက်အတွက် တရုတ်နိုင်ငံ၏ လေကြောင်းချိတ်ဆက်မှုများကိုလည်း ပိုမိုတိုးချဲ့လျက်ရှိကြောင်း၊ လမ်းကြောင်းအချိန်ဇယားအရ ထွက်ခွာမည့် လေယာဉ်ခရီးစဉ် GY703 သည် ကွေ့ရန်းမှ ပေကျင်းစံတော်ချိန် ည ၁၀ နာရီ ၅၀ မိနစ်တွင် ထွက်ခွာပြီး ဟိုချီမင်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၃၀ မိနစ်တွင် ဆင်းသက်မည်ဖြစ်ကြောင်း၊ အပြန်လေယာဉ်ခရီးစဉ် GY704 သည် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၃၀ မိနစ်တွင် ထွက်ခွာပြီး ကွေ့ရန်းမြို့သို့ ပေကျင်းစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ် တွင်ရောက်ရှိမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းအသစ်ကို လေကြောင်းလိုင်း၏ လက်ရှိကွေ့ရန်း-ဟန္နိုင်းဝန်ဆောင်မှုနှင့်အတူ ပြေးဆွဲမည်ဖြစ်သဖြင့် တရုတ်နိုင်ငံ၏ တောင်တန်း ထူထပ်သော ပြည်နယ်နှင့် ဗီယက်နမ်၏ အကြီးဆုံးမြို့နှစ်မြို့ကြား တိုက်ရိုက်ချိတ်ဆက်မှုများရရှိရန် ပိုမိုသေချာစေခဲ့ကြောင်း၊ အဆိုပါ တိုးချဲ့ထားသော လေကြောင်းကွန်ရက်သည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းနှင့်အာဆီယံအကြား ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးနှင့်သက်ဆိုင်သည့် ခရီးစဉ်များကို ပံ့ပိုးပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း အရာရှိများက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်-အာဆီယံနိုင်ငံများအကြား လေကြောင်းချိတ်ဆက်မှုသည် မကြာမီလများအတွင်းမှစတင်၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံတောင်ပိုင်းရှိ ဟိုင်ခိုမြို့နှင့် ဗီယက်နမ်နိုင်ငံ၊ နာထရန်မြို့တို့ကို ဆက်သွယ်ပေးသော ခရီးသည်တင်လေကြောင်းလိုင်းတစ်ခုကို နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံအရှေ့ပိုင်းရှိ နန်ကျင်းမြို့နှင့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တို့ကို ဆက်သွယ်ပေးသော ကုန်တင်ဝန်ဆောင်မှုကိုလည်း ယခင်လမှစတင်လည်ပတ်ခဲ့ကြောင်း၊ တရုတ်နှင့်

အာဆီယံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာဆက်ဆံမှုများ ခိုင်မာနေဆဲဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်မှစ၍ နှစ်စဉ် ကုန်စည်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၉၀၀ ဘီလီယံကျော် ကျော်လွန်ခဲ့ကာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၈၂ ဒသမ ၁ ဘီလီယံအထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း၊ အဆိုပါတိုးတက်မှုလမ်းကြောင်းသည် ၂၀၂၅ ခုနှစ်တွင် ဆက်လက်ရှိနေဆဲဖြစ်ပြီး ပထမ ၁၀ လအတွင်း ကုန်သွယ်မှုတန်ဖိုးသည် ယခင်နှစ်ထက် ၈ ဒသမ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

**Source:** https://en.people.cn/n3/2025/1208/c90000-20399525.html

**(ဒေါ်သင်းသင်းအောင်၊ စီးပွားရေးသံမှူး၊ ပေကျင်းမြို့)**

## STOCK EXCHANGE (15.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Dec. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 24,495 (Shares) | 84,853,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,500 | 8,500 | 8,500 | 2,185 | 18,572,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,600 | -50 | -1.37% | 3,650 | 3,650 | 3,600 | 11,010 | 39,638,300 | 38,929,150 | 140,145 |
| MCB | 00003 | 7,700 | -300 | -3.75% | 8,000 | 8,500 | 7,700 | 67 | 555,500 | 10,400,986 | 80,088 |
| FPB | 00004 | 2,400 | +50 | +2.13% | 2,250 | 2,400 | 2,250 | 10,356 | 23,703,900 | 29,664,613 | 71,195 |
| TMH | 00005 | 2,950 | -50 | -1.67% | 3,100 | 3,100 | 2,950 | 176 | 532,650 | 12,823,224 | 37,829 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,650 | 1,650 | 1,600 | 200 | 321,500 | 19,977,223 | 31,964 |
| AMATA | 00007 | 3,750 | -50 | -1.32% | 3,750 | 3,750 | 3,750 | 1 | 3,750 | 10,497,598 | 39,366 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 500 | 1,525,000 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 15th Dec. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.08 | -1.92 | -0.48% | 403.76 | 404.83 | 400.08 | 24,495 | 84,853,100 | 8 | 754,624 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 26,495 (Shares) | 90,253,100 (MMK) |

### Main Board

As of 1:00 pm, 15th Dec. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 24,495 (Shares) | 84,853,100 (MMK) |

| MYANPIX | 400.08 ▼ 1.92 |
|---|---|
| Total Volume (shares) | 24,495 |
| Total Value (MMK) | 85 mil |
| Listed Company | 8 |
| Market Cap. (MMK) | 754,624 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 100 |
| MTSH | 00002 | 3,600 | ▼ 50 |
| MCB | 00003 | 7,700 | ▼ 300 |
| FPB | 00004 | 2,400 | ▲ 50 |
| TMH | 00005 | 2,950 | ▼ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,750 | ▼ 50 |
| MAEX | 00008 | 3,050 | ▼ 50 |